**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကုန်ထုတ်လုပ်ငန်းနှင့်ပတ်သက်၍ ပဲခွဲစက်နှင့်ဆီကြိတ်စက်(၂)ဦးရှိပြီး လျှပ်စစ်မီးမရရှိခြင်းကြောင့် မီးစက်ဖြင့်အသုံးပြုရပါသည်။ကုန်ကမြီးထွက်ရှိမှုများသော်လည်း ကုန်ချောထုတ် လုပ်ရန် လျှပ်စစ်မီးရရှိလျှင် စက်ကိရိယာများဝယ်ယူပြီး ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများလာမည်ဖြစ်ကြောင်း နှင့် လုပ်အားများလာမည်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့်ကျေးရွာမီးလင်းရေးလုပ်ဆောင်သင့်ပါသည်။ ဆံသ/စက်ချုပ အရောင်းအဝယ်လုပ်ငန်းများမှာလည်း အရင်းအနှီးနှင့်ဈေးကွက်အားနည်းသောကြောင့် ရပ်တည်နိုင်မှုအနည်းငယ်သာရှိပါသည်။ ဝန်ထမ်းအင်အားအသင့်အတင့်ရှိပြီး လစာပုံမှန်ရရှိသောကြောင့် ၄င်းတို့၏ ရပ်တည်မှုမှာလည်းအသင့်အတင့်ရှိပါသည်။ ယာဉ်မောင်းသူနည်း၍ ရပ်တည်နိုင်မှုနိမ့်ပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကြောင်းပညာကျွမ်းကျင်မှုလည်းနည်းပါသည်။ အရင်းအနှီး နည်းပါးခြင်း ချေးငွေလက်လှမ်းမီမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ**

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | ရှားပါး ☑ လုံးဝမရှိ ☐ မဖြေဆိုပါ ☐ |
| လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်မကောင်း ☐ ဈေးကွက်မရှိ ☐ မဖြေဆိုပါ ☑ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည် ☑ |

| ပြဿနာနှင့် အခက်အခဲများ | **ဖတ်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| | လုံးဝ နားမလည် ☐ မဖြေဆိုပါ ☐ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ညံ့ ☐ အလွန်ညံ့ ☑ မဖြေဆိုပါ ☐ |
| ကုန်ကမြီး ရရှိနိုင်ခြင်း | ကုန်ကမြီးရရှိမှု နည်းသည် ☑ ကုန်ကမြီး မရှိပါ ☐ မဖြေဆိုပါ ☐ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ပုံမှန်မရပါ ☐ လုံးဝ မရပါ☑ မဖြေဆိုပါ ☐ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည် ☐<br>ချေးငွေရနိုင်သည် ☑<br>မဖြေဆိုပါ ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင် ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရပါ ☐<br>နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက် မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံးဝ မရပါ ☑ မဖြေဆိုပါ ☐ |
| အလုပ်နှင့် လိုက်လျောညီထွေ ဖြစ်သော (သို့မဟုတ်) အသက်မွေး ဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိ ☑ လုံးဝ မတတ် ☐<br>မဖြေဆိုပါ ☐ |
| အလုပ်အကိုင် အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းနည်း ☑<br>အလုပ်အကိုင် အခွင့်အလမ်း မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူ လူငယ်များသည် ပြည်နယ်နှင့်အခြားမြို့ကြီးများသို့ သွားရောက်၍ ဆရာ/ဆရာမ၊ နော်ဇယ်၊ပန်လုပ်ငန်းများလုပ်ကိုင်နေခြင်းကြောင့်ကျေးရွာများတွင်လုပ်သား အင်အားနည်းရပါသည်။လက်သမား၊ပန်းရံ၊အပ်ချုပ်လုပ်ကိုင် သူများရှိသော်လည်း ခေတ်မီလုပ်ငန်းသုံးကိရိယာ များမရှိခြင်းနှင့် လက်ရှိလုပ်ငန်းများကျွမ်းကျင်မှုအားနည်းနေပါသည်။ ဆင်းရဲသားများအနေဖြင့် တစ်ပိုင် တစ်နိုင်လုပ်ငန်းများထူထောင်ရန် အရင်းအနှီးမရှိ၊ ချေးငွေလက်လှမ်းမီမှုနည်းကြောင်း လေ့လာတွေ့ရှိ ရပါသည်။ ကျေးရွာလျှပ်စစ်မီးရရှိခဲ့ပါက ဆင်းရဲသားပြည်သူများ တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ရန် အတွက် ကျေးရွာအတွင်းရှိ ငွေကြေးတတ်နိုင်သောအိမ်များသည် ပဲခွဲစက်၊ဆီကြိတ်စက်၊ဘတ္ထရီအား သွင်းဆိုင်၊ စားသောက်ဆိုင်၊ လက်ဘက်ရည်ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်ပါကအနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ ကုန်ကမြီး ယူလာပြီး အင်ပင်ကြီးကျေးရွာတွင် ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ဆောင်လာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးရွာအတွင်းရှိပြည်သူများလည်း အလုပ်အကိုင် အခွင့်အလမ်း ရရှိလာ မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

**(ဂ) ရွှေ့ပြောင်းလုပ်သားများ**

## (၈-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေ အတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | 'ရွှေ့ပြောင်းသွားလာ နထိုင်သူ' တစ်ဦးအနည်းဆုံး ရှိသော အိမ်ထောင်စု နှင့်လူဦးရေ | မရှိ | | | | | | | | | |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | | | | | | | | | |
| | ၆ လ အထိ | | | | | | | | | | |
| | ၁၂ လ အထိ | | | | | | | | | | |
| | ၁၂ လ အထက် | | | | | | | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**မှတ်ချက်။** ။ ရွှေ့ပြောင်းသွားလာခြင်း၏ တရားဝင်မှု မဝင်မှု၊ ရွှေ့ပြောင်းသွားလာသူ၏ သဘောဆန္ဒ ပါမှု မပါမှု စသည်ဖြင့် မခွဲခြားဘဲ၊ ကြာမြင့်ချိန် အနည်းအများ မကန့်သတ်ဘဲ၊ မည်သည့် အကြောင်းအရင်းကြောင့် ရွှေ့ပြောင်းသွားလာရသည် ဖြစ်စေကာမူ မူလဌာနဒေသတစ်ခုမှ နိုင်ငံခြားသို့ဖြစ်စေ၊ ပြည်တွင်း တစ်နယ်တစ်ကြေးသို့ဖြစ်စေ ရွှေ့ပြောင်းသွားလာနထိုင်သူတိုင်းကို **'ရွှေ့ပြောင်းသွားလာနထိုင်သူ'** ဟု သတ်မှတ်သည်။ ယခင်က ရွှေ့ပြောင်းသွားလာနထိုင်ခဲ့စေကာမူ ယခုလက်ရှိကာလတွင် မူလဌာနတွင် ပြန်လည်အခြေချနထိုင်လျက်ရှိသူများသည် <u>ဤဇယားတွင် အကျုံးမဝင်ပါ</u>။ ယခုလတ်တလောတွင် ခရီးယာယီသွားနေသူများသည်လည်း <u>ဤဇယားတွင် အကျုံးမဝင်ပါ</u>။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွှေ့ပြောင်းသွားလာနထိုင်သည့်အိမ်ထောင်စုမရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (၈-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရေး | ၂၀ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | - |

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူများသည် ကျေးရွာနှင့်အဆက်အသွယ် ရှိသောမြို့ကြီးများတွင် နတ်ဇယ်၊ ပန်နှင့် စက်ကိရိယာပြင်ဆင်ခြင်းလုပ်ငန်းများသို့ သွားရောက်လုပ်ကိုင် ကြောင်း တွေ့ရှိရပါသည်။ အချို့သောအမျိုးသမီးများသည် ပြည်နယ်များတွင် ကျောင်းဆရာ/မ များသွားရောက် လုပ်ကိုင်ကြပါသည်။ ပြည်ပနိုင်ငံများတွင်တစ်ဦးသွားရောက်လုပ်ကိုင်ပါသည်။

**(ဂ-၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပန်ပို့ငွေ**

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မငြိမ် | လတ် | နိမ့် |
| ၁ | ပန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၂၀ | | | ✔ |
| ၂ | ပန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | - က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | ☒ | | |
| | - ခ။ ဘဏ် | ✔ | | | |
| | - ဂ။ လူကိုယ်တိုင်ဖြင့်လွှဲပို့ခြင်း | ✔ | | | |
| | - ဃ။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းနှစ်မျိုးကို အသုံးပြု၍ | ✔ | | | |
| | - င။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းသုံးမျိုးလုံးကို အသုံးပြု၍ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိအမျိုးသား/အမျိုးသမီးများအနက်ပြင်ပသို့သွားရောက်လုပ်ကိုင်သူများထဲမှ နတ်ဇယ်၊ပန် လုပ်ကိုင်သူ(၂၀)ဦးသည် ဘဏ်(သို့မဟုတ်)လူကိုယ်တိုင်ဖြင့်ငွေများကို လွှဲပို့ပေးပါသည်။ ပြည်နယ်များတွင် သွားရောက်လုပ်ကိုင်သော ဆရာ/မ များသည် မိဘဆွေမျိုးများထံ ငွေပို့သည့်အခါဘဏ် (သို့မဟုတ်)လူကိုယ်တိုင်ဖြင့်လွှဲပို့ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဃ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်**

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ရွာ) | ကျောက်ပန်းတောင်း | ကျောက်ပန်းတောင်း |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင် ☐ ၁၀ မှ ၁၅ မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀ မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☑ ၁၀၀ မိုင်အထက် ☐ |

| ဈေးကွက်လက်လှမ်းမီမှု | **အနီးဆုံးဈေး**<br>(အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | **အကျိုးစီးပွားဈေးကွက်**<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်။) | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☑ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း ☑ အဝတ်အထည် ☐ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ☐ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင် ☑ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☑ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း ☑ အဝတ်အထည် ☐ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ☐ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင် ☑ |
| ဈေးအခြေခံအဆောက်အဦ | ကောင်း ☐ သင့် ☑ ညံ့ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဝန်ဆောင်မှု | ကောင်း ☐ သင့် ☑ ညံ့ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များအတွက် ကျေးရွာအတွင်းနှင့်(၆)မိုင်ကွာဝေး သောကျောက်ပန်းတောင်းမြို့တွင်ဈေးကွက်အလုံအလောက်ရှိသည်။ ကုန်စိမ်းနှင့်သားငါးကို ကျောက်ပန်း တောင်းဈေးတွင် အလွယ်တကူရရှိနိုင်ပြီး အခြားလူသုံးကုန်အဝတ်အထည်များကို ကျောက်ပန်းတောင်းမြို့ရှိ စတိုးဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ ကျောက်ပန်းတောင်းမြို့သို့ ကိုယ်ပိုင်ဆိုင်ကယ်များဖြင့် အလွယ်တကူသွားလာဝယ်ယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့သော် မိုးရာသီ မိုးရွာသည့်အခါတွင် ဆိုင်ကယ်၊ ကားများဖြင့်သွားလာ၍ မရနိုင်ပါ။ ထို့ကြောင့်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ကျေးလက် လမ်းစီမံချက်ရေးဆွဲသင့်ပါသည်။

## (c) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စီးပွားရေးဘဏ်) | ကာလတိုချေးငွေ ☑<br>ကာလရှည်ချေးငွေ ☐ | ၃–၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☑<br>တစ်နှစ်နှင့်အထက် ☐ | ၀ မှ ၂ % ☐<br>၂ မှ ၅% ☑<br>၅ မှ ၁၀ % ☐<br>၁၀% ထက် ☐ | လိုအပ်သည် ☑<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☑<br>မရှိပါ ☐ |
| သမဝါယမချေးငွေ | ကာလတိုချေးငွေ ☑<br>ကာလရှည်ချေးငွေ ☐ | ၃–၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☑<br>တစ်နှစ်နှင့် အထက် ☐ | ၀ မှ ၂ % ☑<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက် ☐ | လိုအပ်သည် ☑<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☑<br>မရှိပါ ☐ |
| ပုဂ္ဂလိကဘဏ် | ကာလတိုချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃–၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | ၀ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| | | | ၁၀% ထက်☐ | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှု ကဏ္ဍ | ကာလတိုချေးငွေ ☐<br>ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | ဝ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁ဝ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| အဖွဲ့အလိုက် ငွေစု/ ငွေချေး အစီအစဉ် | ကာလတိုချေးငွေ ☑<br>ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☑<br>တစ်နှစ်နှင့် အထက် ☐ | ဝ မှ ၂ % ☐<br>၂ မှ ၅% ☑<br>၅ မှ ၁ဝ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☑ | နည်းသည် ☑<br>ရှိသည် ☐<br>မရှိပါ ☐ |
| ငွေချေးပေးသူ | ကာလတိုချေးငွေ ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ် ☐<br>လစဉ် ☐<br>၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | ဝ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁ဝ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| အပေါင်ဆိုင် | ကာလတိုချေးငွေ ☑<br>ကာလရှည်ချေးငွေ☐ | နေ့စဉ် ☐<br>လစဉ် ☐<br>၃-၆ လအတွင်း ☑<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | ဝ မှ ၂ % ☐<br>၂ မှ ၅% ☑<br>၅ မှ ၁ဝ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☑<br>မလိုအပ်ပါ ☐ | နည်းသည် ☑<br>ရှိသည် ☐<br>မရှိပါ ☐ |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ကာလတိုချေးငွေ ☑<br>ကာလရှည်ချေးငွေ☐ | နေ့စဉ် ☐<br>လစဉ် ☐<br>၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☑<br>တစ်နှစ်နှင့် အထက် ☐ | ဝ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁ဝ % ☑<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☑ | နည်းသည် ☑<br>ရှိသည် ☐<br>မရှိပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်မြေဖြေကအပေါ်မူတည်ပြီး ချေးငွေများထုတ်ပေးပါသည်။ ကာလတိုချေးငွေဖြစ်၍ (၆)လမှ (၁)နှစ်အတွင်းအတိုးအရင်းအားလုံးအကြေပေး ဆပ်ရပါသည်။ အတိုးနှုန်းမှာ(၂ မှ ၅%) အတွင်းရှိ လယ်ယာမြေပိုင်ဆိုင်မှုအထောက်အထားရှိမှသာလျှင်ထုတ်ယူ ရရှိပါသည်။ ချေးငွေရရန် အခက်အခဲရှိပါသည်။ ကျေးရွာတွင် သမချေးငွေရှိပါသည်။ ကာလတိုချေးငွေဖြစ်၍ (၁)နှစ်လျှင်(၂)ကြိမ်နှင့်အပြီးပြေးဆပ်ရပါသည်။ အတိုးနှုန်းမှာ(ဝမှ၂%) အထိရှိပါသည်။ ပိုင်ဆိုင်မှု အထောက် အထားပြနိုင်မှသာလျှင် သမချေးငွေရရှိပါသည်။ ချေးငွေရရန်အခက်အခဲရှိ ပါသည်။

ပုဂ္ဂလိကဘဏ်ချေးငွေချေးယူခြင်းမရှိပါ။ပုဂ္ဂလိကအသေးစာချေးငွေဝန်ဆောင်မှုမရှိပါ။အဖွဲ့လိုက် ငွေစုငွေချေးအစီအစဉ်ရှိပါသည်။ မမြဲအဖွဲ့အလိုက် ငွေစုငွေချေးအစီအစဉ်ရှိပါသည်။ ကာလတိုချေးငွေဖြစ်၍ အတိုးနှုန်း(၂မှ၅%)အတွင်းရှိပါသည်။ အပေါင်ခံပစ္စည်းမလိုအပ်ပါ။ ချေးငွေရရှိရန်အခက်အခဲ နည်းပါ သည်။ မိုးပြေါရှိအပေါင်ဆိုင်များတွင် သီးနှံမပေါ်မီကာလများတွင် အိမ်ရှိရွှေထည်ပစ္စည်းများကိုအတိုးနှုန်း (၂မှ၅%) အတွင်းပေးရပါသည်။

ကာလတိုချေးငွေဖေစ်ပြပါသည်။ ချေးငွေရရှိရန် ရှုထေည်ပါ၍အခက်အခဲနည်းပါ သည်။ မိတ်ဆွေဆွေမျိုးများထဲတွင် ကာလတိုချေးငွေဖေငြ့်(၆)လမှ (၁)နှစ်အတွင်းအတိုးနှုန်း(၅မှ၁၀%)အတွင်း ပေးရပြီး အပေါင်ခံပစ္စည်းမလိုအပ်ပါ။ ချေးငွေရရှိရန် အခက်အခဲနည်းကြောင်းလေ့လာတွေ့ရှိရပါသည်။

**(စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

**(စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အနှုတရာယ်ရှိမှု |
|---|---|
| မြေဆီသြဇာ အခြေအနေ | မငြ့်☐ လတ်☑ နိမ့်☐ |
| အပင်မျိုးစိတ်များ | မငြ့်☐ လတ်☐ နိမ့်☑ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မငြ့်☐ လတ်☑ နိမ့်☐ |
| ရအရင်းအမြစ် | မငြ့်☐ လတ်☐ နိမ့်☑ |
| ငါးမျိုးကွဲများ | မငြ့်☐ လတ်☐ နိမ့်☐ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မငြ့်☐ လတ်☐ နိမ့်☐ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မငြ့်☐ လတ်☑ နိမ့်☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်သဲဆန်သောမြေများဖြစ်၍ မြေဆီသြဇာအနေဖြင့် အသင့်အတင့်ရှိပါ သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုသူ များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြ သဖြင့် အနှုတရာယ်များသည်။ စွန့်ပစ်ပစ္စည်းများကို ယာမြေများတွင်မြေသြဇာအားလုံးစွန့်ပစ်သည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ရအရင်းအမြစ်အနေဖြင့် လုံလောက်မှုမရှိ။ ရွာ၏အနောက်ဘက်မိုးရွာသွန်းထားသောမြေသားရကန်မှ ထတ်လာပြီ၊ ရကား(၁)စီး လျှင်(၅၀၀၀/-)ကျပ်ပေးဝယ်ရပါသည်။ နွေအခါတွင် ၎င်းကန်မှရကန်ခမ်းသွားသောအခါ ကျေးရွာအတွင်းရှိ အဝီစိစက်ရတွင်းမှ (၁)ပေပေါ်(၁၅၀)ကျပ်နှုန်းဖြင့် အိမ်အရောက်ဝယ်ယူရပါသည်။ စက်ရတွင်းသက်တမ်းမှာ နှစ်ပေါင်း(၆၀)ခန့်ရှိ၍ ရထွက်နှုန်းနည်းသွားပါသည်။ ကျေးရွာတွင် ရစေင်နှင့် အိမ်အရောက်ရပိုက်လိုင်း သွယ်တန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။ လက်ရှိရတွင်းမှာ ရနည်းသွား၍ ကျေးရွာပြည်သူများ သောက်သုံးရရေရှိမှု နည်းသွားပါသဖြင့် ရတွင်း(၁)တွင်းထပ်မံတူးဖော်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ) ပညာရေး**

## (ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၄ | ၁၁ | ၁၅ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၁၄၉ | ၁၇၇ | ၃၂၆ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၁၁၆ | ၁၀၅ | ၂၂၁ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၄၆ | ၆၁ | ၁၀၇ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၁၄ | ၅၈ | ၇၂ |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**မှတ်ချက်။** ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ **ပညာရေး ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော** အတန်းပညာ တက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာတွေ့ရှိချက်တွင်သာ မှတ်ချက် အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦး တစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာ ခဲ့သော နောက် ဆုံးပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။

ဥပမာ - ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသူတစ်ယောက်သည် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေသေးသည်ဆိုသော် ထိုကျောင်းသူကို **'အလယ်တန်းအဆင့်ရှိသူဦးရေ'** တွင် ထည့်သွင်းရပါမည်။ ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသားတစ်ယောက်သည် တတိယတန်း (Grade 3) တွင် ပညာသင်ကြားနေသေးသည် ဆိုသော်၊ သို့မဟုတ် **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ - ဘုန်းကြီးကျောင်းထွက်)** ရှိသည်ဆိုသော် အဆိုပါ ကျောင်းသား/ အဆိုပါပုဂ္ဂိုလ်ကို **'မူလတန်းအဆင့်ရှိသူဦးရေ'** တွင်သာ ထည့်သွင်းရပါမည်။ **'ဘုန်းကြီးကျောင်း သင်ပညာရေး (ဘက-ကျောင်း)'** ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲသော ကျောင်း သူ/သားများကို သက်ဆိုင်ရာအတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ ယခုစာရင်းကောက်ယူချိန်တွင် အခြေခံပညာမူလတန်းပညာကို သင်ယူပြီးခဲ့သင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံးဝ မတတ်ပါက **'စာမတတ်သူဦးရေ'** တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပညာရေးနှင့်စာတတ်မြောက်မှုကို လေ့လာကြည့်ရာတွင် စာမတတ်သူ (၁၅)ဦးနှင့် မူလတန်းအဆင့်(၃၂၆)ဦး၊ အလယ်တန်းအဆင့်(၂၂၁)ဦး၊ အထက်တန်းအဆင့်(၁၀၇)ဦး၊ တက္ကသိုလ် ကောလိပ်(၇၂)ဦးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ဘွဲ့ရဦးရေအရေအတွက်မှာ (၁၀၀)ဦးရှိပြီး အမျိုးသမီးဦးရေပိုများနေသည်ကို တွေ့ရှိရပါသည်။ ဤအရေအတွက်ကို ကြည့်ခြင်းအားဖြင့် ပညာသင်ကြားမှု တွင် အမျိုးသမီးများမှာ အမျိုးသားများနှင့်တန်းတူခံစားခွင့်မရှိကြောင်း တွေ့ရှိရပါသည်။

## (ဆ-၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၅၀ | ၃၅ | ၈၅ |
| အလယ်တန်း | ၂၁ | ၂၉ | ၅၀ |
| အထက်တန်း | ၉ | ၂၃ | ၃၂ |
| တက္ကသိုလ်/ကောလိပ် | ၅ | ၁၀ | ၁၅ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **'ဘုန်းကြီးကျောင်းသင်ပညာရေး'** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိပြီး မူလတန်းကျောင်းနေအရွယ် စုစုပေါင်း(၈၅)ယောက်ရှိပါသည်။ အလယ်တန်းကျောင်းနေအရွယ်(၅၀)ယောက်ရှိပါသည်။ ကျေးရွာရှိမူလတန်း နှင့်အလယ်တန်းကျောင်း ကျောင်းသား/သူစုစုပေါင်း(၁၃၅)ယောက်ရှိပါသည်။ အထက်တန်းအဆင့်ရောက်သော အခါကျောက်ပန်းတောင်းမြို့ပေါ်ရှိကျောင်းများသို့ ဆက်လက်တက်ရပါသည်။ ကျေးရွာရှိမိဘများသည် ဆင်းရဲ သော်လည်း ချိုးခြံချွေတာပြီး ပညာဆုံးခန်းတိုင်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

## (ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☑<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☑<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☑<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကမြီးခင်းဧရိယာ (စတုရန်းပေ)* | ၅၀x၄၀ | ၈၀x၇၀ | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☑ ညံ့☐ | ကောင်း☐ သင့်☑ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☑<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☑<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☑ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☑ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဧ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | - | ၅ | ၅ | ၁ | ၃ | ၄ | | | |
| ကျေးရွာခန့် | | | | ၁ | - | ၁ | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကမြေဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ လက်ရှိကျေးရွာရှိ မူလတန်းကျောင်းတွင် အစိုးရခန့် မ(၅)ဦးရှိပါသည်။ အလယ်တန်း ကျောင်းခွဲတွင် အစိုးရခန့်ကျား(၁)ဦး၊ မ(၃)ဦး၊ ကျေးရွာခန့်ကျား(၁)ဦးရှိပါသည်။ လက်ရှိဆရာ/မခန့်ထားမှု နည်း၍ နောက်ထပ်ဆရာအင်အားလိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းနအေရွယ်အမျိုးသားများ သည် စိတ်ဓါတ်ရေးရာအပိုင်းတွင် ရဲရင့်မှု၊ ဖျတ်လတ်မှု နည်းပါးသွားမည်ဖြစ်သောကြောင့် ဆရာနှင့်ဆရာမ အချိုးတူခန့်ထားသင့်ပါသည်။ မူလတန်းကျောင်းသည် (အလျား၅၀xအနံ၄၀)အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုးဖြစ် ပြီး ကျောင်းဆောင်(၁)ဆောင်ရှိပါသည်။ အလယ်တန်းကျောင်းခွဲသည် (အလျား၈၀xအနံ၇၀)ရှိပြီး အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုး ကျောင်းဆောင်(၁)ဆောင်ရှိပါသည်။ စာသင်ကျောင်းများ၏ ခံစြည်းရိုးအခြေအနေမှော သံဇကာ ကာထားပါသည်။ ကျောင်းပရိဘောဂ၊ သဘောက်ရေ၊ သင်ထောက်ကူပစ္စည်း၊ ကျောင်းယင်လုံအိမ်သာတို့ မှာ လုံလောက်မှုမရှိသော်လည်း အသင့်အတင့်ရှိပါသည်။ ကျောင်းအာဟာရနှင့် ကျောင်းကျန်းမာရေး၊ ပညာရေး အစီအစဉ်များမရှိကပြါ။

**(ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☑ မလုံလောက် ☐ |
| တပည့် - ဆရာ အချိုး | ၄၀ : ၁ အောက် ☑ ၄၀ : ၁ အထက် ☐ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☑ နည်း ☐ လတ် ☐ များ ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ☑ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် ☐ မလုံလောက် ☑ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မငြ္ဖ ☐ အသင့်အတင့် ☑ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ ☑ နည်း ☐ |
| မိဘဆရာအသင်း၏ အခန်းကဏ္ဍ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ မူလတန်းကျောင်းနအေရွယ် ကျား၊ မ (၈၅)ဦးရှိပြီး ဆရာမ(၅)ဦးရှိသဖြင့် ဆရာလုံလောက်ပါသည်။ အလယ်တန်းကျောင်းတွင် ကျောင်းသူ/သား(၅၀)ဦးရှိပြီး ဆရာ(၁)ဦး၊ ဆရာမ(၃)ဦး၊ ကျေးရွာခန့်ဆရာ(၁)ဦး၊ စုစုပေါင်း(၅)ဦးသာရှိ၍ လုံလောက်မှုမရှိပါ။ အားကစားပစ္စည်းလုံလောက်မှုမရှိပါ။ အားကစားကွင်းမှာ ကျယ်ပြန့်မှုရှိပါသည်။ မိဘဆရာအသင်း၏ တက်ကြွစွာလုပ်ရှားမှု နည်းပါသည်ဟု လေ့လာ တွေ့ရှိရပါသည်။

**(၈) ကျန်းမာရေးနှင့် အာဟာရ**

**(၈-၁) အဖြစ်များသော ရောဂါများ**

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန် ကပြါသည်။ ကလေးအများစုသည် ကျန်းမာရေးကောင်းပါသည်။ အနည်းစုမှာ သွေးလွန်တုပ်ကွေးရောဂါ၊ တီဘီ ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဆီးချို၊ သွေးတိုး၊ အသည်းရောဂါများ အနည်းငယ်ဖြစ်ကပြါသည်။ ဝမ်းပျက် ဝမ်းလျှောရောဂါမှာ သောက်ရေမသန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းသောကြောင့် ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ခြင်များပေါက်ဖွားမှုကြောင့်ဖြစ်သည်။ နေ့စဉ်စားသုံးနေရသော အစားအစာများ သန့်ရှင်းမှု နည်းပါးခြင်း၊ စားသုံးဆီများမသန့်ခြင်း၊ ဓါတ်မြေသြဇာနှင့်ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲထားသော ဟင်းသီးဟင်းရွက်များကို နေ့စဉ်ဝယ်ယူစားသုံးရခြင်း၊ အချိုမှုန့်၊ ကကြိသားမှုန့်များကို သုံးစွဲခြင်း၊ ဆင်းရဲသား များ ကျန်းမာရေးဗဟုသုတနည်းခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ရန် အလေ့အထမရှိခြင်း၊ ကျန်းမာရေး ပစ္စည်း ကိရိယာမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုးရောဂါများ

ဖြစ်ပွားမှုအသင့်အတင့်ရှိပါသည်။ တီဘီ၊ အသည်းရောဂါများမှာလည်း ဖြစ်ပွားမှုနည်းပါသည်။ အခြေခံကူးစက်ရောဂါများမရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(၉-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | A |
| ၂ | ဆုံဆို့၊ ကကြိုညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | A | |
| ၃ | ပိုလီယိုရောဂါ | A | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | A | |
| ၅ | ဝက်သက်ရောဂါ | A | |
| ၆ | အခြေခံ စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | A | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | A |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | A |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကာကွယ်ဆေး(၁)နှစ်(၃)ကြိမ် ပုံမှန်ထိုးပေးပါသည်။ အဆုတ်ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းမရှိပါ။ အာဟာရပညာပေးဝန်ဆောင်မှုမရှိပါ။ အာဟာရပညာပေးအစီအစဉ်မရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၉-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☑<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☑<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☐<br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☑ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☐<br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ လက်ရှိကျေးရွာအုပ်စုတွင် ကျေးရွာ (၄)ရွာရှိပါသည်။ သားဖွားဆရာမ(၁)ဦးသာ ခန့်ထားသောကြောင့် ကျန်းမာရေးပညာပေးများ လုံလောက်မှုမရှိ ပါ။ သားဖွားဆရာမ(၁)ရွာ(၁)ဦး ခန့်ထားပေးရန်(သို့မဟုတ်)အရန်သားဖွားသင်တန်းပေးရန် လိုအပ်ပါသည်။ ကျေးရွာတွင် ဆေးအရောင်းဆိုင်မရှိပါ။ အရေးပေါ်ဖြစ်ပါက ရွာနှင့်(၆)မိုင်ကွာဝေးသောကျောက်ပန်းတောင်းမြို့နယ်ဆေးရုံသို့သွားရပါသည်။ ကျေးရွာတွင်လူမှုကူညီရေးကားမရှိပါ။ မိုးရာသီတွင် ကျေးရွာ၏ချဉ်းကပ်လမ်း သည်ကားမကောင်းရန် ခက်ခဲသောကြောင့် အရေးပေါ်ဖြစ်လာပါက ချက်ချင်းကုသမှုခံယူရန် ကျေးလက် ကျန်းမာရေးဆေးပေးခန်းထားရှိသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (ဈ-၁) သောက်သုံးရေ ရရှိမှု

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရရေရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက 'ရှိ'၊ မရှိပါက 'မရှိ' ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် 'ရှိ' ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ 'မရှိ' ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/စက်တပ် | ၁၈၄ | ရှိ☑ မရှိ☐ | ကောင်း☑ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/တုံကင် | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မိုးရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐ |

| ရရေရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက 'ရှိ'၊ မရှိပါက 'မရှိ' ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် 'ရှိ' ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ 'မရှိ' ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါကနွေ၊ မိုးနှင့် ဆောင်းရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| သိုလှောင်ကန် | | | | မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | ၁၈၄ | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☑ ညံ့☐ | နွေ ☐<br>မိုး ☑<br>ဆောင်း ☑ |
| စိမ့်စမ်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သောက်ရေတွင်း၊ အဝီစိတွင်း၊ စက်တပ်(၁)တွင်းရှိပါသည်။ ရေအရည်အသွေးကောင်းပါသည်။ လုံလောက်မှုနည်းပါသည်။ ကျေးရွာ၏ အနောက်ဘက်(၁)မိုင်ခန့်အကွာတွင် မြေသားမိုးရေကန်(၁)ကန်ရှိပါသည်။ ၎င်းရေကန်မှရေကို မိုးတွင်းနှင့်ဆောင်းတွင်းအခါတွင်အသုံးပြုပြီး နွေရာသီတွင်ရေခမ်းသွားပါသည်။ ထို့ကြောင့် နွေအခါတွင် ကျေးရွာတွင်းရှိစက်တပ်အဝီစိတွင်းကို မှောင်းနှင်၍ သုံးစွဲပါသည်။ ၎င်းရေတွင်းမှာ နှစ်ကာလကြာပြီဖြစ်သောကြောင့် ရေထွက်နှုန်းနည်း၍ သောက်သုံးရေ လုံလောက် မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ မြစ်၊ ချောင်း၊ စိမ့်စမ်း၊ မိုးရေလှောင်ကန်မရှိကြောင်း တွေ့ရှိရ ပါသည်။

**(ဈ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၇၄ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၁၀ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု (၁၈၄)အိမ်ရှိသော်လည်း ယင်လုံအိမ်သာ(၁၇၄)လုံးသာ ရှိပြီး စနစ်တကျသုံးစွဲခြင်းရှိပါသည်။ သန့်ရှင်းမှုလည်းရှိပါသည်။ ကျန်အိမ်ထောင်စု(၁၀)စုအနက် အချို့ အိမ်ထောင်စုသည် မိုးရွာသွန်းမှုကြောင့် ပြိုကြပျက်စီးသွားပြီး အချို့အိမ်ထောင်စုသည် တစ်ဝိုင်းတည်းနေ ဆွေမျိုးများ၏ ယင်လုံအိမ်သာတွင် အတူအသုံးပြုသည်ကို လေ့လာတွေ့ရှိရပါသည်။

**(ည) ကျား – မ ရေးရာ**

ဇယား (၃၉) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☑ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☑ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိ အမြင်ရှိမှု | ရှိ ☑ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လက်ရှိယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံအရ ကျား၊ မခွဲခြားဆက်ဆံမှုအနေ ဖြင့် ကြီးမားသော ပြဿနာနှင့်ကျားနှင့်မကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများကိုလည်းထည့်သွင်းဖွဲ့စည်းထားသည် ကို တွေ့ရပါသည်။ အမျိုးသမီးများသည်လည်း တက်ကြွစွာပါဝင်လုပ်ကိုင်နိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

**(ဋ) အခြေခံ အဆောက်အဦများ အခြေအနေ**

**(ဋ-၁) ကျေးရွာ၏ လမ်းတည်ရှိမှု**

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက်သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☑ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☑ | ပွင့်လင်း ရာသီ ☑ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☑ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☑ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ | ၆လမှ ၁နှစ် ☑ ၂နှစ်မှ ၅နှစ် ☐ | ပွင့်လင်း ရာသီ ☑ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☑ |

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| | | ညံ့ ☑ | ၅နှစ် အထက်☐ | | ၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☑ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☑ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☑ | ပွင့်လင်း ရာသီ ☑<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐<br>၁–၅ မိုင် ☑<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွာ၏ချဉ်းကပ်လမ်းမှာ (၂)မိုင်အကွာအဝေးရှိ၍ ၂၀၁၆-၂၀၁၇ခုနှစ် တွင် မြေသားလမ်းအဖြစ် သတ်မှတ်ခဲ့ပြီး မြေစာရင်းနှင့်တိုင်းတာပြီး လမ်းမြေသတ်မှတ်ချက်ကို ကျောက်တိုင်အမှတ် အသားများထောင်ပြီးပြုလုပ်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ခုနှစ်တွင် ၎င်းလမ်းပေါ်တွင် ကွန်ကရစ်တံတား(၁)ခု၊ ရေပြွန်(၂)ခု ဆောက်လုပ်ခဲ့ပါသည်။ လက်ရှိလမ်းအခြေအနေမှာ မိုးရာသီတွင် သွားလာရန်ခက်ခဲသည်ကို လေ့လာ တွေ့ရှိရပါသည်။ ကျေးရွာ၏ မြောက်ဘက်ရှိတွင်းဖူရွာနှင့်ရွာချင်းဆက်လမ်းမှာ (၂)မိုင်ကွာဝေးပြီး တောင်ဘက်ကပြင်တွင်းကန်ရွာနှင့် (၂)မိုင်ကွာဝေးပြီး ရွာ၏အနောက်တောင်ဘက်(၂)မိုင်အကွာတွင် ဆယ့်နှစ် ရာသီပင်ရွာ၊ (၃)မိုင်အကွာတွင် ဘုရားကြီးကုန်းရွာတို့သည် အင်ပင်ကြီးရွာလယ်လမ်းမကြီးကို ဖြတ်ပြီး အင်ပင်ကြီးရွာ၏ ချဉ်းကပ်လမ်းအတိုင်း မြို့ပြေါ်သို့ ကားများ၊ ဆိုင်ကယ်များမောင်းနှင်သွားရပါသည်။ ရွာ၏ အရှေ့ဘက်(၁)မိုင်ခန့်အကွာရှိ အင်ဂေါင်းကျေးရွာသည်လည်း အင်ပင်ကြီးကျေးရွာချဉ်းကပ်လမ်းပေါ်ကို ဖြတ် သန်းပြီး မြို့သို့သွားရပါသည်။ ချဉ်းကပ်လမ်းဆိုးရွားသဖြင့် ကျောက်ချောလမ်းခင်းပေးရန် လေ့လာတွေ့ရှိရပါသည်။

## (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | (အလျား၂၅ပေxအနံ ၂၀ပေxထု၉ လက်မ) | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☑<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| သစ်သား တံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | - | ကောင်း ☐ | ၆လမှ ၁နှစ် ☐ | ပွင့်လင်း ရာသီ ☐ |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| | | သင့် ☐<br>ညံ့ ☐ | ၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | ၂ခုရှိ(အလျား၁၂ပေx အနံ ၃ပေ) | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☑<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| ရေကျော် | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ချဉ်းကပ်လမ်းတွင် ကွန်ကရစ်တံတား(၁)ခုရှိပါသည်။ (အလျား၂၅ပေxအနံ ၂၀ပေxထုဖြ လက်မ)ရှိပြီး ရေပြွန်(၂)ခုရှိပါသည်။ ၎င်းပြွန်များမှာ (အလျား၁၂ပေx အနံ၃ပေ)ရှိပါသည်။ လမ်းအခြေအနေ မှာ ယာဉ်များသွားလာရန်ဆိုးရွားနေပါသည်။ မြေသားလမ်းဖြစ်၍ မိုးရာသီတွင် သွားလာရန်ခက်ခဲကြောင်း လေ့လာ တွေ့ရှိပါသည်။

## (၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ၁ “ လှေ၊ သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဖြစ်၍ မြစ်ချောင်းများ မရှိခြင်း၊ ပင်လယ်ရေကြောင်းနှင့်ဝေးကွာခြင်းတို့ကြောင့်

ရကြောင်းသယ်ယူပို့ဆောင်ရေးမရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရအတွက်** | - | - | ၆ | ၇၅ | - | ၁ | ၁ | - | ၉၇ |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်ဘီး(၆)စီး၊ မော်တော်ဆိုင်ကယ်(၇၅) စီး၊ ထော်လာဂျီ(၁)စီး၊ ကား(၁)စီး၊ နွားလှည်း(၉၇)စီးရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင်သွားလာရန် သယ်ယူ ပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကိုအသုံးပြုကြပါသည်။

**(၅) လျှပ်စစ်မီးရရှိမှု**

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| ဆိုလာစနစ် | | ကောင်း☐ သင့်☑ ညံ့ ☐ မဖြေဆို☐ | ရှိ ☑ မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | | ကောင်း☐ သင့်☐ ညံ့ ☑ မဖြေဆို☐ | ရှိ ☑ မရှိ☐ |
| လစွမ်းအင် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| ဇီဝလောင်စာ | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | | ☒ | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လျှပ်စစ်မီးလက်လှမ်းမီနိုင်ခြင်းရှိပါသည်။ ၂၀၁၆-၂၀၁၇ခုနှစ်တွင် ကျေးရွာနှင့် ၂မိုင်၅ဖာလုံအကွာတွင် 66KV Transformer ထိုင်ထားသည်ကို တွေ့ရှိရပြီး ကျေးရွာမှ ငွေအင်အား မတတ်နိုင်သေးပါသဖြင့် မဟာဓါတ်အားလိုင်းစနစ်သွယ်တန်းနိုင်ခြင်းမရှိသေးပါ။ ယခုအခါ ဆိုလာ မီးကို တစ်ပိုင်တစ်နိုင် အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ ဆိုလာမီးအသုံးပြုအိမ်ခြေ(၁၁၈)အိမ်ရှိပြီးဒီဇယ် အင်ဂျင်သုံးအိမ်(၁)အိမ်၊ ကျန်ရှိအိမ်များသည် အိမ်နီးနားချင်းဆိုလာပြားများမှ ခွဲဝေသုံးစွဲနေသည်ကို တွေ့ရှိရပါ သည်။ ကျေးရွာသည် 66KV ဓါတ်အားလိုင်းနှင့်နီးသောကြောင့် ကျေးရွာမီးလင်းရေးစီမံချက်ရေးဆွဲသင့် ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂိုပြ်တုစလောင်း |
|---|---|---|---|---|
| **အရအေတွက်** | ၁၈၄ | ၄၄ | ၁၉ | ၄ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာနှင့်ပတ်သက်၍ အိမ်တိုင်းနီးပါး တယ်လီဖုန်းကို အသုံးပြုနိုင်ကပြီး တယ်လီဖုန်း(၁၈၄)လုံး၊ ရေဒီယို(၄၄)လုံး၊ တီဗွီ(၁၉)လုံး၊ ဂိုပြ်တုစလောင်း(၄)လုံးရှိသော်လည်း အများစုမှာ ဆိုလာမီးကိုသာ အသုံးပြု၍ တီဗွီစလောင်းများကို မီးအား မလုံလောက်၍ အချိန်ကြာမြင့်စွာ အသုံးမပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဃ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲများ ရှိခြင်း | ရှိ ☑ မရှိ☐ မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☑ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☑ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း☐ သင့်☐ ညံ့☐ မဖြေဆိုပါ☑ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☑ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | မရှိ ☐ နည်း☐ များ☑ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည်တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်နေရာသီးသန့်မရှိပါ။ အပျင်းပြေတီဗွီ၊ ဖုန်းကိုသာ ကြည့်ရပါသည်။ လျှပ်စစ်မီးမရသောကြောင့် ရုပ်မြင်သံကြားကို လက်ဖက်ရည်ဆိုင်များတွင် သွား ရောက်ကြည့်စရာမရှိပါ။ ရေဒီယို၊ FM နားထောင်ခြင်းသာရှိပါသည်။ ဆက်သွယ်ရေးလိုင်းမကောင်း၍ နားထောင်ရန်ခက်ခဲပါသည်။ ကျေးရွာတွင် တန်ခူးလ သင်္ကြန်ပွဲတော်ရက်များ၌ အခြားမြို့များတွင် သွားရောက် တာဝန်ထမ်းဆောင်နသေော ဝန်ထမ်းများနှင့် အခြားမြို့များတွင် သွားရောက်နထေိုင်ကြသောမိသားစုများသည် အလည်အပတ်လာရောက်၍

ဘုန်းတော်ကြီးကျောင်းများတွင် အလှူအတန်းကုသိုလ်များလုပ်ကြသည်မှာ စည်ကားလှကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြုအဆောက်အဦများရှိခြင်း | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| လူထုအခြေပြုသဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရာဇဝတ်မှုခင်းများဖြစ်ပေါ်မှုမရှိပါ။ တည်ငြိမ်အေးချမ်းမှုကြောင့် ကူးသန်းရောင်းဝယ်သွားလာမှုချောမွေ့စေသည်။ လူကုန်ကူးမှု၊ ခိုးမှုများမရှိပါ။ ရွာသူ/သားများသည် မိုဘိုင်း၊ တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကပြီးလိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်နည်းပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ဗဟုသုတလည်းနည်းပါးကြသည်။ ကျေးရွာသည် ရဲစခန်းနှင့်(၆)မိုင်ကွာဝေးပါသည်။ ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းလည်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဏ-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကမြင်းဖက်မှု |
|---|---|---|---|---|
| မှုခင်းဖြစ်ပွားမှု အခြေအနေ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ☑ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ☑ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ☑ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ☑ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုမရှိပါ။ တည်ငြိမ်အေးချမ်းမှုကြောင့် ကူးသန်းရောင်းဝယ်မှုချောမွေ့စေသည်။ လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အကမြင်းဖက်မှုများမရှိကြပါ။ သာမန်ကိစ္စများကို ကျေးရွာရာအိမ်မှူးနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့မှ

ဖြေရှင်းပေးကြောင်း                    လှလော                    တွေ့ရှိရပါသည်။

**နောက်ဆက်တွဲ (၃)**

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

| |
|---|
| ကျေးရွာ - <br> ကျေးရွာအုပ်စု - <br> မြို့နယ် - <br> တိုင်းဒေသကြီး/ပြည်နယ် - |
| စီမံချက်အမည် - |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ |
| စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) |

| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) |
|---|
| |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • xxxxxxxxxx (ငွေသား) | • ကျေးလက်/ဦးစီး |
| • xxxxxxxxxx (ငွေသား) | • ကျေးရွာ |
| • xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးရွာ |
| • | • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | | | | | | | | |
| **အကျိုးခံစားမည့်သူ ဦးရေ** | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) |
|---|
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - |
| (၃) စီမံချက်ပြီးစီးမည့်အချိန် - |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - |

| |
|---|
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |

**စီမံချက်လုပ်ငန်း အကောင်ထည်ဖော်မည့် အဆင့်များ**

| စဉ် | လုပ်ငန်း(Activity) | ရလဒ်(Result) |
|---|---|---|
| ၁ | စီမံချက်အကြောင်းအရာပြင်ဆင်ရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ အစည်းအဝေးများ | • စီမံချက်အကြောင်းအရာ အသေးစိတ် ရေးဆွဲပြီးခြင်း၊ |
| ၂ | စီမံချက်အကြောင်းအရာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း | • စီမံချက်အကောင်အထည်ဖော်ရန် ကျေးလက်ဦးစီးဌာန၏ အတည်ပြု ချက် ရရှိပြီးခြင်း |
| ၃ | စီမံချက်အတည်ပြုချက်ရယူနိုင်ရန် လိုအပ်သည်များ ဆောင်ရွက်ခြင်း (မရှင်းသည်များ ဖြေကြားခြင်း၊ ပြင်ရန်လိုသည်များ ပန်ြလည်ပြင်ဆင်ခြင်း စသည်) | |
| ၄ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဘဏ်စာရင်းဖွင့်ခြင်း | • ကော်မတီဘဏ်စာရင်းသို့ ရန်ပုံငွေ လွှဲပြောင်းပြီးစီးခြင်း |
| ၅ | ကျေးလက်ဦးစီးဌာနသို့ ရန်ပုံငွေ တောင်းခံလွှာ တင်ခြင်း | |
| ၆ | လုပ်ငန်းများလက်တွေ့ အကောင်အထည်ဖော်ခြင်း<br>○ xx<br>○ xx | • အကောင်အထည်ဖော်ရေးလုပ်ငန်း ပြီးစီးမှု ရာခိုင်နှုန်း |
| ၇ | လုပ်ငန်းပြီးစီးမှု လစဉ်အစီရင်ခံခြင်း | • လစဉ်လုပ်ငန်းတိုးတက်မှု အစီရင်ခံ စာများ |
| ၈ | စီမံချက်အကောင်အထည်ဖော်မှုပြီးစီးခြင်း<br>○ စီမံချက်ပြီးစီးမှုအခြေအနေ၊ ငွေကြေးရှင်းတမ်းများ အား ကျေးရွာလူထုနှင့် ကျေးလက်/ဦးစီးဌာနသို့ တင်ပြခြင်း<br>○ ကျေးလက်/ဦးစီးဌာနက စီမံချက်ပြီးစီးမှုအား လာရောက် ဆန်းစစ်ခြင်း<br>○ (လိုအပ်လျှင်) လုပ်ငန်းလည်ပတ်ရေး၊ရေရှည် ပြုပြင် ထိန်းသိမ်းရေးတို့အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ က အခြားအကောင်ထည်ဖော်မည့် ကော်မတီ (သို့) ဌာနသို့ လုပ်ငန်းလွှဲပြောင်း ပေးအပ်ခြင်း | • စီမံချက်လုပ်ငန်းပြီးစီးမှုအစီရင်ခံစာ<br>• စီမံချက်လုပ်ငန်းပြီးဆုံးကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အတည်ပြုချက်<br>• လုပ်ငန်းလွှဲပြောင်းပေးအပ်ပြီးခြင်း |